ကျွန်တော်များ **Christadelphians Bible Mission of Myanmar ခရစ်တော်၌ညီအစ်ကိုမောင်နှမများ** အမှုတော်ဆောင်အဖွဲ့မှ ပုံမှန်ဓမ္မစာပေး/စာယူ(အခမဲ့)သင်တန်းအတွက်လိုအပ်သောသင်ခန်းစာများနှင့်ဝိညာဉ်ရေးရာနှိုးကြားရန်အတွက်(မြန်မာ/အင်္ဂလိပ်)နှစ်ဘာသာတို့ဖြင့်ရေးသားထုတ်ဝေထားရှိသောဓမ္မစာအုပ်ငယ်များကိုအခမဲ့ပေးပို့လျက်ရှိကြရာခရစ်တော်၌ချစ်သောညီအစ်ကိုမောင်နှမများအနေဖြင့်အဆိုပါဓမ္မစာပေး/စာယူသင်တန်းနှင့်ဓမ္မစာအုပ်ငယ်များကို(အခမဲ့)လေ့လာဖတ်ရှုလိုကြပါကအောက်ပါလိပ်စာသို့ဆက်သွယ်မှာကြားနိုင်ကြပါသည်။




**Christadelphians Bible Missions of Myanmar**

အမှတ်(၇၀)စကားဝါလမ်း၊(က)ရပ်ကွက်၊သဃ်္န်းကျွန်းမြို့နယ်၊ရန်ကုန်မြို့။

ဖုန်း - ၀၉၅၁၆၆၃၃၇ / ၇၃၀၅၆၀၂၁

E-mail: ivan.edwards2009@gmail.com - ivan@mail4u.com.mm




# ကျွန်တော်တို့၏လက်စွဲဖြစ်သောသမ္မာကျမ်းစာတော်မြတ်။

သခင်ခရစ်တော်၏နောက်လိုက်များအတွက်ရိုးစင်သော နှုတ်ကပတ်တော်သွန်သင်ချက်များ။

# The Bible Our Guide

## Plain Scriptural Teaching for followers of Christ


**Ivan Edwards**

**ဘာသာပြန်ဆိုသည်။**

## **အမှာစာ။**

*The Christadelphians* ခရစ်တော်၌ညီအစ်ကိုမောင်နှမများအမှုတော်ဆောင်အဖွဲ့သည်လွန်ခဲ့သောနှစ်ပေါင်း(၁၂၅)နှစ်ကျော်ခန့်မှ၍အမှုတော်ဆောင်အမည်နာမဖြင့်လူသိကျော်ကြားခဲ့ပါသည်။ သို့သော်၊ထိုသူတို့၏ရည်ရွယ်ချက်မှာအေဒီပထမရာစုကာလမှစ၍သခင်ခရစ်တော်၏နောက်လိုက်များ၏သွန်သင်ချက်များနှင့်လျော်ညီစွာမှတ်သွင်းတော်မူခြင်းအားဖြင့်ဖြစ်ပေါ်လာသောသမ္မာကျမ်းစာတစ်အုပ်လုံး၌ရှိသောညွှန်ကြားချက်များကိုရှာဖွေလိုက်နာပြီး၊သခင်ခရစ်တော်၌ယုံကြည်ကြခြင်းအားဖြင့်အသက်ရှင်နေထိုင်ကြဖို့ရန်မှာပင်ဖြစ်သည်။

ထိုသူတို့ယုံကြည်ကြသည်မှာသခင်ယေရှုနှင့်သူ၏တမန်တော်များနောက်သို့လိုက်ပါကုန်ကြသောသူများသည်ယခုအခါဘုရားသခင်အထံတော်မှခွန်အားနှင့်ခွင့်လွှတ်ခြင်းတို့အားတောင်းလျှောက်လျက်ရှိကြရာသခင်ခရစ်တော်သည်မိမိ၏လူများကိုထာဝရအသက်အားချီးမြင့်ပေးမည်ဖြစ်ကြောင်းနှင့်တန်တန်ခိုးစွမ်းပကားဖြင့်ကြာရှည်စွာဂတိထားတော်မူသောဘုရားသခင်၏နိုင်ငံတော်ကိုဤကမ္ဘာမြေပေါ်မှာတည်ထောင်မည်အချိန်တွင်ကိုယ်တော်ရှင်တဖန်ပြန်လည်ကြွလာမည်ဟူသောမျှော်လင့်ချက်ကိုစိတ်ချစွာယုံကြည်ကိုးစားလျက်ရှိနေပါသည်။

ဤစာအုပ်ငယ်ပါဖော်ပြချက်များသည်စာဖတ်သူအယောက်စီတိုင်းမိမိတို့၏ထင်မြင်ချက်နှင့်ရိုးစင်သောသမ္မာကျမ်းစာတော်မြတ်၏သွန်သွန်ချက်များနှင့်နိုင်းယှဉ်ဖို့ရန်တမင်သက်သက်စိန်ခေါ်နေပါသည်။ ဖော်ပြထားသောကျမ်းပိုဒ်အထောက်အထားများကိုသေချာစွာဆန်းစစ်ကြည့်ကြပါက။စိတ်ထားပြောင်းလဲခြင်းနှင့်စိတ်နှလုံးအားဖိတ်ခေါ်ခံရခြင်းမျိုးအစရှိသောအဖြေတစ်စုံတစ်ရာပေါ်လာလျှင်၊သခင်ယေရှုသွန်သင်တော်မူချက်နှင့်ကိုယ်တော်ရှင်ယုံကြည်တော်မူခဲ့သောသမ္မာကျမ်းစာတော်မြတ်တွင်ယုံမှားဖွယ်ရာသံသယမရှိဘဲနှင့်မည်သည့်နေရာတွင်မဆိုဦးဆောင်မှုဆီသို့လိုက်လျှောက်ကြရပါမည်။



***သခင်ဖြစ်တော်မူမည်။ ဘုရားသခင်သည်သူတို့၏မျက်စိ၌မျက်ရည်ရှိသမျှတို့ကိုသုတ်တော်မူမည်။ နောက်တဖန်သေဘေးမရှိရ။ စိတ်မသာညည်းတွားခြင်း၊အော်ဟစ်ခြင်း၊ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူကား၊ရှေးဖြစ်ဘူးသောအရာတို့သည်ရွေ့သွားကြပြီ။ "***
***(ဗျာဒိတ်ကျမ်း ၂၁း၃–၄)***

ယင်းသို့အားဖြင့်သမ္မာကျမ်းစာတော်မြတ်သည်ကြံ ရွယ်ထားခဲ့သောဖန်ဆင်းခြင်းအလုပ်အားပြီးပြည့်စုံလင်ခြင်းကိုဘုရားသခင်၏မွန်မြတ်တော်မူခြင်းကိုသန့်ရှင်းသူအပေါင်းတို့၏ရှေ့မှောက်တွင်နောက်ဆုံးသောအချိန်တွင်သိရှိနားလည်စေမည်ကိုဖော်ပြထားခြင်းဖြစ်သည်။

**"ယေရှုခရစ်ကိုယုံကြည်ခြင်းအားဖြင့်ကယ်တင်ခြင်းအလိုငှါ**
**ပညာကိုပေးနိုင်သောဓမ္မကျမ်းစာကိုငယ်သောအရွယ်မှစ၍**
**လေ့ကျက်သည်ကိုရင်းသိမှတ်သည်နှင့်၊အထက်ကသင်၍**
**နှလုံးသွင်းမိသောအယူဝါဒ၌တည်နေလော့။"**
**(တိမောသေဩဝါဒစာဒုတိယစောင် ၃း၁၅)**

*သိကျွမ်းခြင်းပညာနှင့်ပြည့်စုံလိမ့်မည်။ ”(ဟေရှာယအနာဂတ္တိကျမ်း ၁၁း၉)*

**ဟဗက္ကုတ်၊**

*“အကြောင်းမူကား၊ပင်လယ်ရေသည်မိမိနေရာကိုလွှမ်းမိုးသကဲ့သို့၊မြေကြီးသည်ထာဝရဘုရား၏ ဘုန်းတော်ကိုသိကျွမ်းခြင်းပညာနှင့်ပြည့်စုံလိမ့်မည်။ ”(ဟဗက္ကုတ်အနာဂတ္တိကျမ်း ၂း၁၄)*

**ရှင်ပေါလု၊**

*“ထိုအခါခရစ်တော်သည်အထွဋ်အမြတ်အာဏာတန်ခိုးအမျိုးမျိုးကိုပယ်ရှင်း၍၊မိမိနိုင်ငံကိုဘုရားသခင်တည်းဟူသောခမည်းတော်၌အပ်ပြန်တော်မူပြီးမှကမ္ဘာကုန်ရလတ္တံ့။ ခရစ်တော်သည်ရန်သူအပေါင်းတို့ကိုခြေဘဝါးတော်အောက်၌ချထားတော်မမူမှီတိုင်အောင်အုပ်စိုးတော်မူရမည်။ နောက်ဆုံးသောရန်သူတည်းဟူသောသေမင်းသည်ဆုံးရှုံးခြင်းသို့ရောက်ရလတ္တံ့။ ”(ကောရိန္သုဩဝါဒစာပထမစောင် ၁၅း၂၄–၂၆)*

**သခင်ယေရှု၊**

*“ထိုအခါမရဏာနှင့်မရဏာနိုင်ငံကိုမီးအိုင်ထဲသို့ချပစ်လေ၏ ။ ထိုသေခြင်းကားဒုတိယသေခြင်းဖြစ်သတည်း။(ဗျာဒိတ်ကျမ်း ၂၀း၁၄)*

*“ဘုရားသခင်၏ တဲတော်သည်လူတို့တွင်ရှိ၏ ။ လူတို့နှင့်အတူကျိန်းဝပ်တော်မူမည်။ သူတို့သည်ကိုယ်တော်၏ လူဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည်ကိုယ်တော်တိုင်သူတို့နှင့်အတူရှိနေ၍သူတို့၏ ဘုရား*



# ကျွန်တော်တို့၏လက်စွဲဖြစ်သောသမ္မာကျမ်းစာ။

သခင်ခရစ်တော်၏ နောက်လိုက်များအတွက်ရိုးစင်သော
နှုတ်ကပတ်တော်သွန်သင်ချက်များ။

## သမ္မာကျမ်းစာတော်မြတ်၊

ကျွန်တော်တို့သည်သခင်ခရစ်တော်၏ နောက်တော်သို့လိုက်ပါကြဖို့ရန်ကြွေးကြော်မှုမျိုးရှိခဲ့ကြလျှင်၊သခင်ယေရှုနှင့်သူ၏ တပည့်တော်များယုံကြည်ကြသောနှုတ်ကပတ်တရားတော်ကိုလည်းယုံကြည်ကြရပါမည်။

**သခင်ယေရှု၊**

*“ကျမ်းစကားကိုမပယ်ရလျှင်ငင်း၊”(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၀း၃၆)*

**တမန်တော်ရှင်ပေါလု၊**

*“ထိုကျမ်းစာရှိသမျှသည်ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍၊ဘုရားသခင်၏ လူသည်စုံလင်သောသူ၊ကောင်းသောအမှုအမျိုးမျိုးတို့ကိုပြုစုခြင်းအလို့ငှါပြင်ဆင်သောသူဖြစ်မည်အကြောင်း၊ဩဝါဒပေးခြင်း၊အပြစ်ကို ဘော်ပြခြင်း၊ဖြောင့်မတ်စွာပြုပြင်ခြင်း၊တရားကိုသွန်သင်ခြင်းကျေးဇူးများကိုပြုတတ်၏ ။ ”(တိမောသေဩဝါစာဒုတိယစောင် ၃း၁၆–၁၇)*

**တမန်တော်ရှင်ပေတရု၊**

*“အကြောင်းမူကား၊အနာဂတ္တိစကားသည်လူအလိုအားဖြင့်ဖြစ်ဘူးသည်မဟုတ်။ ဘုရားသခင်၏ သန့်ရှင်းသူတို့သည်သန့် ရှင်း*

*သောဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကိုခံရ၍ဟောပြောကြ၏ ။ ”(ရှင်ပေတရုဩဝါဒစာဒုတိယစောင် ၁း ၂၁)*

*“ကောင်းကင်ဘုံမှစေလွှတ်တော်မူသောသန့်ရှင်းသောဝိညာဉ်တော်ပါလျက်၊သင်တို့အားဧဝံဂေလိတရားကိုဟောပြောသောသူတို့သည်၊ထိုအရာများကိုသင်တို့အားယခုကြားပြောကြပြီ။ ”(ရှင်ပေတရုဩဝါဒစာပထမစောင် ၁း၁၂)*

စစ်မှန်သောယုံကြည်ခြင်းအားမှုတ်သွင်းတော်မူသောသမ္မာကျမ်းစာအပေါ် တွင်အခြေခံပြုကြရပါမည်။

## လူ၏သဘောသဘာဝ ၊

ကျွန်တော်တို့သည်သခင်ခရစ်တော်၏ နောက်တော်သို့ လိုက်ပါကြဖို့ရန်ကြွေးကြော်မှုမျိုးရှိခဲ့ကြလျှင်၊သခင်ခရစ်တော်၌တည်ရှိနေကြခြင်းမှအပကျွန်တော်တို့တွင်မြော်လင့်ခြင်းမရှိဘဲ၊ဒုစရိုက်အပြစ်၌တည်နေကြသောသေမျိုးဖြစ်သည့်ဖန်ဆင်းခံမျိုးဖြစ်ကြကြောင်းကိုဝန်ခံကြရပါမည်။

**မောရှေ ၊**

*“အကြောင်းမူကား၊သင်သည်မြေမှုန့်ဖြစ်၍၊မြေမှုန့်သို့ပြန်ရမည်ဟုမိန့်တော်မူ၏ ။ ”(ကမ္ဘာဦးကျမ်း ၃း၁၉)*

**ပရောဖက်ယေရှာယ ၊**

*“လူမျိုးရှိသမျှသည်မြက်ပင်ဖြစ်၏ ။ လူမျိုး၏ ဘုန်းရှိသမျှသည်လည်းတောအပွင့်ကဲ့သို့ဖြစ်၏ ။ ထာဝရဘုရား၏ လေတိုက်သောအခါ၊မြက်ပင်သည်ညှိုးနွမ်း၍သွေ့ခြောက်တတ်၏ ။ အပွင့်လည်းကြွေ*



အားဖြင့်ဤကမ္ဘာမြေကြီးပေါ် တွင်ပြည့်စုံကောင်းမြတ်သောဘုရားသခင်၏ ဂုဏ်တော်ပြည့်ဝစုံလင်မှုတို့ကိုရှုမြော်နိုင်ကြရပါလိမ့်မည်။

**မောရှေအဖို့ ၊**

*“ငါအသက်ရှင်သည်ဖြစ်၍၊ထာဝရဘုရား၏ ဘုန်းတော်သည်မြေ တပြင်လုံး၌နှံ့ပြားလိမ့်မည်။ ”(တောလည်ရာကျမ်း ၁၄း၂၁)*

**ဆာလံဆရာ ၊**

*“အိုဘုရားသခင်၊ကိုယ်တော်၏ တရားဆုံးဖြတ်ခြင်းနှင့်ဖြောင့်မတ်စွာစီရင်ခြင်းအခွင့်ကိုမင်းသားဖြစ်သောရှင်ဘုရင်အားပေးသနားတော်မူပါ။ ထိုမင်းသည်ကိုယ်တော်၏ လူတို့ကိုဖြောင့်မတ်စွာစီရင်၍၊...(ဆာလံကျမ်း ၇၂း၁–၂)*

*‘အံ့ဘွယ်သောအမှုတို့ကိုတပါးတည်းသာစီရင်တော်မူသောထာဝရအရှင်ဘုရားသခင်၊ဣသရေလအမျိုး၏ ဘုရားသခင်သည်မင်္ဂလာရှိတော်မူစေသတည်း။ ဘုန်းကြီးသောနာမတော်သည်လည်းအစဉ်အမြဲမင်္ဂလာရှိတော်မူစေသတည်း။ မြေကြီးတပြင်လုံးသည်ဘုန်းတော်နှင့်ပြည့်ဝပါစေသတည်း။ အာမင်နှင့်အာမင် ”(ဆာလံကျမ်း၇၂း၁၈–၁၉)*

**ယေရှာယ ၊**

*“ငါ၏ သန့်ရှင်းသောတောင်တပြင်လုံး၌အချင်းချင်းညှင်းဆဲခြင်း၊ဖျက်ဆီးခြင်းကိုမပြုရကြ။ အကြောင်းမူကား၊ပင်လယ်ရေသည်မိမိနေရာကိုလွှမ်းမိုးသကဲ့သို့၊မြေကြီးသည်ထာဝရဘုရားကို*

*ပေါင်းတို့ကိုစုဝေးစေသဖြင့်၊သိုးထိန်းသည်သိုးနှင့်ဆိတ်တို့ကိုတခြားစီခွဲထားသကဲ့သို့၊လူအပေါင်းတို့ကိုအသီးအခြားခွဲ၍၊သိုးတို့ကိုလက်ျာတော်ဘက်၊ဆိတ်တို့ကိုလက်ဝဲတော်ဘက်၌ထားတော်မူလတံ့။ ထိုအခါလက်ျာတော်ဘက်၌ရှိသောသူတို့အားမင်းကြီးက၊ငါ့ခမည်းတော်ထံကောင်းကြီးမင်္ဂလာကိုခံသောသူတို့၊ကမ္ဘာဦးကပင်သင်တို့အဘို့ပြင်ဆင်သောနိုင်ငံကိုလာ၍အမွေခံကြလော့။(ရှင်မဿဲခရစ်ဝင်ကျမ်း ၂၅း၃၁–၃၁)*

*"သင်၏လက်သည်သင့်ကိုမှားယွင်းစေလျှင်လက်ကိုဖြတ်လော့။ ပိုးမသေ၊မီးမငြိမ်းရာ၊ငရဲအတွင်းမငြိမ်းနိုင်သောမီးထဲသို့လက်နှစ်ဘက်စုံနှင့်ဝင်ရသည်ထက်၊လက်ချို့တဲ့၍အသက်ရှင်ခြင်းသို့ဝင်စားသော်သာ၍ကောင်း၏။...ပိုးမသေ၊မီးမငြိမ်းရာ၊ငရဲမီးထဲသို့မျက်စိနှစ်ဘက်စုံနှင့်ချခြင်းကိုခံရသည်ထက်၊မျက်စိတဘက်နှင့်ဘုရားသခင်၏နိုင်ငံတော်သို့ဝင်စားသော်သာ၍ကောင်း၏။"(ရှင်မာကုခရစ်ဝင်ကျမ်း ၉း၄၃၊၄၄–၄၈)*

သမ္မာကျမ်းစာတော်ပါ **"မီးမငြိမ်းရာငရဲ"** ဆိုသည်မှာ၊တရားစီရင်ခြင်းကာလ၌ဘုရားသခင်ရှေ့တော်မှောက်တွင်မနှစ်မြို့ဖွယ်ရာကောင်းသောအရာအားလုံးတို့ကိုဖျက်ဆီးခြင်းဟုခေါ် ဆိုပြီး၊ယင်းအား**"ထာဝရမငြိမ်းရာမီးနှင့်ငရဲမီးအိုင်"**ဟုခေါ် ဆိုကြပါသည်။

## ဂူကိုတော်နှင့်ပြည့်ဝစုံလင်ခြင်း၊

ကျွန်တော်တို့သည်သခင်ခရစ်တော်၏နောက်တော်သို့လိုက်ပါကြမည်ဟုကြွေးကြော်မှုမျိုးရှိခဲ့ကြလျှင်သခင်ခရစ်တော်၏လုပ်ဆောင်ချက်များ



*တတ်၏။(ဟေရှာယအနာဂတ္တိကျမ်း ၄၀း၆)*

**ရှင်ယာကုပ်၊**

*"သင်တို့အသက်သည်အဘယ်သို့သောအရာဖြစ်သနည်း။ ခဏထင်ရှားပြီးမှကွယ်ပျောက်တတ်သောအခိုးအငွေ့ဖြစ်၏။"(ရှင်ယာကုပ်သြဝါဒစာ ၄း၁၄)*

**ရှင်ပေတရု၊**

*"လူမျိုးရှိသမျှသည်မြက်ပွင့်ကဲ့သို့ဖြစ်၏။ လူမျိုး၏ဘုန်းရှိသမျှသည်လည်းမြက်ပင်ကဲ့သို့ဖြစ်၏။ မြက်ပင်သည်ညှိုးနွမ်းသွေ့ခြောက်တတ်၏။ အပွင့်လည်းကြွေတတ်၏။"(ရှင်ပေတရုသြဝါဒစာပထမစောင် ၁း၂၄)*

ကျွန်တော်တို့သည်သေမျိုးဖြစ်ကြကြောင်းကိုသမ္မာကျမ်းစာမှရှင်းလင်းစွာဖော်ပြထားလျှက်ရှိပါသည်။ ကျွန်တော်တို့သည်ထိုသေမျိုးဖြစ်ကြခြင်းကိုဝန်ခံကြသောအချိန်၌သာလျှင်၊ထိုကမ်းလှမ်းလျှက်ရှိနေသောကယ်တင်ခြင်းဆုကျေးဇူးတော်ကိုစစ်မှန်စွာမျှော်ကိုးနိုင်ကြပါသည်။

## အနာဂတ်၏မြောင်မတ်ခြင်း၊

ကျွန်တော်တို့သည်သခင်ခရစ်တော်၏နောက်တော်သို့လိုက်ပါကြဖို့ရန်ကြွေးကြော်မှုမျိုးရှိခဲ့ကြလျှင်၊ကျွန်တော်တို့မြော်လင့်သောဆုလာဒ်တော်သည်ကောင်းကင်ဘုံတွင်မဟုတ်ဘဲ၊ဤမြေပေါ် တွင်ရှိနေကြောင်းကိုကျွန်တော်တို့မှဝန်ခံကြရပါမည်။

**ဆာလံဆရာ၊**

"စိတ်နှိမ့်ချသောသူတို့မူကား၊ပြည်တော်ကိုအမွေခံ၍၊များ
ပြားသောငြိမ်သက်ခြင်း၌မွေ့လျော်ကြလိမ့်မည်။"(ဆာလံကျမ်း
၃၇း၁၁)

"စိတ်နူးညံ့သိမ်မွေ့သောသူတို့သည်မင်္ဂလာရှိကြ၏။ အ
ကြောင်းမူကား၊ထိုသူတို့သည်ပြည်တော်ကိုအမွေခံရကြလတံ့။(ရှင်မ
ဿဲခရစ်ဝင်ကျမ်း ၅း၅)

**သခင်ယေရှု၊**

"အကျွန်ုပ်တို့၏ဘုရားသခင့်ရှေ့မှာ၊ရှင်ဘုရင်အရာ၌၎င်း၊
ယဇ်ပုရောဟိတ်အရာ၌၎င်း၊ခန့်ထား၍၊မြေကြီးပေါ်မှာစိုးစံရသောအ
ခွင့်ကိုပေးတော်မူ၏။" (ဗျာဒိတ်ကျမ်း ၅း၁၀)

**ပရောဖက်ဒံယေလ၊**

"ရုပ်တုကိုထိခိုက်သောကျောက်မူကား၊တိုးပွားသဖြင့်
တောင်ကြီးဖြစ်၍၊မြေကြီးတပြင်လုံးကိုဖုံးလွှမ်းသည်ဟုမြင်မက်တော်
မူ၏။"(ဒံယေလအနာဂတ္တိကျမ်း ၂း၃၅)

"ပျက်စီးခြင်းသို့မရောက်နိုင်သောနိုင်ငံတခုကိုထိုမင်းကြီး
များလက်ထက်၌ကောင်းကင်ဘုံရှင်ဘုရားသခင်သည်တည်ထောင်စေ
တော်မူမည်။"(ဒံယေလအနာဂတ္တိကျမ်း ၂း၄၅)

"ကောင်းကင်အောက်၌နိုင်ငံနှင့်တကွအာဏာစက်ဘုန်းတန်
ခိုးရှိသမျှကိုအမြင့်ဆုံးသောဘုရား၏သန့်ရှင်းသောအမျိုးသားတို့



ချိန်ရောက်ပါပြီဟုလျှောက်ဆိုကြ၏။" (ဗျာဒိတ်ကျမ်း ၁၁း၁၈)

**ရှင်ပေါလု၊**

"ဖြောင့်မတ်သောသူ၊မဖြောင့်မတ်သောသူရှိသမျှတို့သည်
သေခြင်းမှထမြောက်ကြလိမ့်မည်ဟူ၍၊...နောက်ဖြစ်လတံ့သောစစ်
ကြောစီရင်ခြင်းကို၎င်းဟောပြောလျှင်၊ဖေလဇ်မင်းသည်ကြောက်
လန့်ခြင်းသို့ရောက်၍၊..."(တမန်တော်ဝတ္ထု ၂၄း၁၅၊၂၅)

**ရှင်ပေတရု၊**

"သို့ဖြစ်၍၊အသက်ရှင်သောသူတို့ကို၎င်း၊သေသောသူ
တို့ကို၎င်း၊တရားစီရင်ခြင်းငှါအသင့်ရှိတော်မူသောသူရှေ့၌၊ထို
သူတို့သည်စစ်ကြောခြင်းကိုခံရကြလတံ့။"(ရှင်ပေတရုဩဝါဒစာ
ပထမစောင် ၄း၅)

မိမိတို့၏တာဝန်ဝတ္တရားများကိုဘုရားသခင်အဖို့နားလည်မှု့ရှိကြ
သောသူတို့သည်ယုံကြည်ခြင်းအား**"လက်ခံနာခံမှု(သို့မဟုတ်)ငြင်းပယ်ခြင်း
(သို့မဟုတ်)လျစ်လျူရှုခြင်း"** တို့ကိုထိုသူတို့တွင်ရှိမရှိဆိုသည်တို့ကိုဘုရားသခင်
၏တရားစီရင်ခြင်း၏ရှေ့တော်မှောက်တွင်မတ်တပ်ရပ်ကြရပြီး၊ထိုသူတို့သည်
**"ကောင်းကြီးမင်္ဂလာ (သို့မဟုတ်)ငြင်းပယ်ခြင်း"**တို့ကိုခံကြရပါမည်။

**သခင်ယေရှု၊**

"လူသားသည်မိမိဘုန်းအာနုဘော်ကိုဆောင်လျက်၊သန့်
ရှင်းသောကောင်းကင်တမန်များအခြံအရံတို့နှင့်တကွကြွလာတော်မူသော
အခါ၊ဘုန်းရှိသောပလ္လင်တော်ပေါ်မှာထိုင်၍၊ရှေ့တော်၌လူမျိုးအ

**သခင်ယေရှု၊**

*"လူတို့သည်အကျိုးမဲ့သောစကားကိုပြောသမျှအတွက်၊တရားဆုံးဖြတ်သောနေ့၌စစ်ကြောခြင်းကိုခံရကြလတံ့။ သင့်စကားများအားဖြင့်သင်သည်အပြစ်လွတ်လိမ့်မည်။ သို့မဟုတ်သင့်စကားများအားဖြင့်အပြစ်စီရင်ခြင်းကိုခံရလိမ့်မည်ဟုမိန့်တော်မူ၏။"(ရှင်မဿဲခရစ်ဝင်ကျမ်း ၁၂း၃၆ –၃၇)*

**ရှင်ပေါလု၊**

*"အကြောင်းမူကား၊ငါတို့ရှိသမျှသည်ကိုယ်ခန္ဓာကျင့်သောအကျင့်၊ကောင်းမကောင်းရှိသည်အတိုင်းအကျိုးအပြစ်ကိုအသီးသီးခံခြင်းငှါ၊ခရစ်တော်၏တရားပလ္လင်ရှေ့၌ပေါ်လာရကြမည်။ ကောရိန္သုဩဝါဒစာဒုတိယစောင် ၅း၁၀)*

**ဒံယေလ၊**

*"ထိုကာလအခါမြေမှုန့်၌အိပ်ပျော်သောသူများတို့သည်နိုးကြလိမ့်မည်။ အချို့တို့ကား၊ထာဝရအသက်ရှင်ခြင်းနှင့်ဇင်း၊အချို့တို့ကား၊ရှက်ကြောက်ခြင်း၊ထာဝရအသရေပျက်ခြင်းနှင့်ဇင်းနိုးကြလိမ့်မည်။"(ဒံယေလအနာဂတ္တိကျမ်း ၁၂း ၂)*

**သခင်ယေရှု၊**

*"အမျက်တော်သည်လည်းရောက်ပါပြီ။ သေလွန်သောသူတို့ကိုတရားစီရင်ဆုံးဖြတ်တော်မူ၍၊ကိုယ်တော်၏ကျွန်တည်းဟူသောပရောဖက်တို့ အားဇင်း၊သန့်ရှင်းသူတို့အားဇင်း၊ကိုယ်တော်ကိုကြောက်ရွံ့ရိုသေသောသူအကြီးအငယ်တို့အားဇင်း၊ဆုကျေးဇူးကိုပေးသနားတော်မူ၍၊မြေကြီးကိုဖျက်ဆီးသောသူတို့ကိုဖျက်ဆီးတော်မူသောအ*



*သည်ရကြလိမ့်မည်။"(ဒံယေလအနာဂတ္တိကျမ်း ၇း ၂၇)*

**ဆာလံဆရာ၊**

*"ကောင်းကင်ကား၊ထာဝရဘုရား၏ကောင်းကင်ဖြစ်၏။ မြေကြီးကိုကားလူသားတို့အားပေးတော်မူပြီ။"(ဆာလံကျမ်း ၁၁၅း ၁၆)*

**ရှင်ယောဟန်၊**

*"ကောင်းကင်ဘုံကဆင်းသက်၍ကောင်းကင်ဘုံ၌ရှိနေသောလူသားမှတပါးအဘယ်သူမျှကောင်းကင်ဘုံသို့မတက်ပြီ။" (ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၃း၁၃)*

ဆုလာဒ်တော်သည်ယခုအချိန်တွင်ကောင်းကင်ဘုံတွင်သခင်ခရစ်တော်ထံပါး၌ထိန်းသိမ်းထားရှိတော်မူပြီး၊သခင်ခရစ်တော်ဒုတိယအကြိမ်၌လောကသို့တဖန်ပြန်လည်ကြွရောက်လာတော်မူသောအချိန်တွင်အသိပေးတော်မူမည်ဖြစ်ကြောင်းကိုသမ္မာကျမ်းစာတော်မြတ်မှသွန်သင်ထားရှိပါသည်။

**ရှင်ပေတရု၊**

*"ထိုအမွေတော်သည်ကား၊နောက်ဆုံးသောကာလ၌ထင်ရှားစေခြင်းငှါပြင်ဆင်သောကယ်တင်ခြင်းသို့ရောက်စေမည်အကြောင်း၊ယုံကြည်ခြင်းအားဖြင့်ဘုရားသခင်၏တန်ခိုးတော်သည်စောင့်ရှောက်တော်မူသောသင်တို့အဘို့ကောင်းကင်ဘုံ၌သိုထားလျက်ရှိသောအမွေတည်း။"(ရှင်ပေတရုဩဝါဒစာပထမစောင် ၁း၄–၅)*

*"ယေရှုခရစ်ပေါ်ထွန်းတော်မူသောအခါ၊သင်တို့ဆီသို့*

*ရောက်လတံ့သောဆုကျေးဇူးကိုအဆုံးတိုင်အောင်မျှော်လင့်ကြလော့။"(ရှင်ပေတရုဩဝါဒစာပထမစောင် ၁း၁၃)*

**ရှင်ပေါလု။**

*"ငါတို့ကျင့်သောအကျင့်မူကား၊ကောင်းကင်ဘုံနှင့်စပ်ဆိုင်လျှက်ရှိ၏။ ကယ်တင်တော်မူသောအရှင်သခင်ယေရှုခရစ်သည်ကောင်းကင်ဘုံမှကြွလာတော်မူမည်ဟုငါတို့သည်မျှော်လင့်လျက်နေကြ၏။ ထိုသခင်သည်ခပ်သိမ်းသောအရာကိုပင်မိမိအောက်၌နှိမ့်ချနိုင်တော်မူသောပြုပြင်အားထုတ်ခြင်းအားဖြင့်ယုတ်ညံ့သောငါတို့၏ကိုယ်ခန္ဓာကိုပင်၊ဘုန်းအသရေနှင့်ပြည့်စုံသောကိုယ်ခန္ဓာတော်၏နည်းတူဖြစ်စေခြင်းငှါအသစ်ပြင်ဆင်တော်မူလတံ့။"(ဖိလိပ္ပိဩဝါစာ ၃း ၂၀–၂၁)*

သမ္မာကျမ်းစာတော်မြတ်မှဤမြေကြီး အားအစအဦး၌ဘုရားသခင်သည်လူတို့ကိုနေရာချပေးသောနေရာဖြစ်ပြီး၊သူ၏ ကောင်းကြီးမင်္ဂလာကိုရရှိခံစားရမည့်နေရာဖြစ်ကြောင်းကိုပြောဆိုလျှက်ရှိနေပါသည်။

## သေဆုံးသူ၏အခြေအနေ၊

ကျွန်တော်တို့သည်သခင်ခရစ်တော်၏ နောက်တော်သို့လိုက်ပါကြမည်ဟုကြွေးကြော်မှုမျိုးရှိခဲ့ကြလျှင်မိမိတို့မှအသိအမှတ်ပြုကြရမည်မှာမရဏာ(သင်္ချိုင်း)သည်သတိမေ့လျော့နေသူတို့၏ နေရာဖြစ်ပြီး၊နောက်ဆုံးသောကာလတွင်ရှင်ပြန်ထမြောက်ခြင်းသည်သာလျှင်သတိလစ်မေ့မျော်နေခြင်းများသည်ဆုံးခန်းရောက်ရှိမည်ဖြစ်သည်။

**ဆာလံဆရာများ၊**

*"အကြောင်းမူကား၊သေလျက်နေစဉ်တွင်ကိုယ်တော်ကို*



*ခင်ဘုရားထံ၌ငါခံရပြီ။ ခံရသောအရာဟူမူကား၊သခင်ယေရှုသည်ရန်သူလက်သို့အပ်နှံခြင်းကိုခံသောနေ့ညမှာမုန့်ကိုယူ၍၊ကျေးဇူးတော်ကိုချီးမွမ်းပြီးမှမုန့်ကိုဖဲ့၍၊ဤမုန့်ကား၊သင်တို့အဘို့အလို့ငှါချိုးဖဲ့သောငါ၏ကိုယ်ဖြစ်၏။ ယူ၍စားကြလော့။ ငါ့ကိုအောက်မေ့ဘို့ ရာဤသို့ပြုကြလော့ဟုမိန့်တော်မူ၏။ ထိုနည်းတူ၊ညစာစားပြီးမှခွက်ကိုလည်းယူ၍၊ဤခွက်ကားငါ၏ အသွေး၌တည်သောပဋိညာဉ်တရားသစ်ဖြစ်၏။ ဤခွက်ကိုသောက်သောအခါခါ၊ငါ့ကိုအောက်မေ့ဘို့ရာသောက်ကြလော့ဟုမိန့်တော်မူ၏။ အကြောင်းမူကား၊သင်တို့သည်ထိုမုန့်ကိုစား၍ထိုခွက်ကိုသောက်သောအခါခါသခင်ဘုရားအသေခံတော်မူခြင်းကြွလာတော်မမူမှီတိုင်အောင်ပြုကြ၏။"(ကောရိန္သုဩဝါဒစာစာပထမစောင် ၁၁း ၂၃–၂၆)*

ထို့ကြောင့်၊သမ္မာကျမ်းစာသည်စစ်မှန်သောခရစ်ယာန်များအသက်ရှင်နေထိုင်မှုများတွင်သခင်ယေရှုအားသတိရအောက်မေ့ခြင်းများ၌ပုံမှန်မုန့်ကိုဖဲ့ခြင်းအားအမြဲမပြတ်စောင့်ထိန်းကြရမည်ကိုတိုက်တွန်းခါသခင်ခရစ်တော်ဒုတိယအကြိမ်ပြန်လည်ကြွရောက်လာခြင်းကိုအမြဲစောင့်မျှော်လျက်ရှိနေကြရပါမည်။

## ရှင်ပြန်ထမြောက်ခြင်းနှင့်တရားစီရင်ခြင်း။

ကျွန်တော်တို့သည်သခင်ခရစ်တော်၏ နောက်တော်သို့လိုက်ပါကြမည်ဟုကြွေးကြော်မှုမျိုးရှိခဲ့ကြလျှင်တစ်နေ့နေ့တွင်ကောင်းကြီးမင်္ဂလာ(သို့မဟုတ်)ပြစ်ဒဏ်စီရင်ခံရမှုတို့ကိုလက်ခံဖို့ရန်သခင်ယေရှုခရစ်တော်၏ ရှေ့တော်မှောက်တွင်မတ်တတ်ရပ်ကြရပြီး၊သခင်ယေရှုသည်ကျွန်တော်တို့၏ တရားသူကြီးကဲ့သို့တရားစီရင်တော်မူမည်ဖြစ်ကြောင်းကိုကျွန်တော်တို့သိရှိကြရပါလိမ့်မည်။

သို့လိုက်ကြရပြီး၊သူ၏ ပညတ်တော်များ၌လိုက်လျှောက်ကြခြင်း၊သူ၏ သေခြင်းအား
အောက်မေ့သတိရခြင်းနှင့်ဤလောကမှအစွန်းအထင်းမရှိစေရန်စောင့်ထိန်း
မှုစသည့်တို့မှာလိုအပ်ပါသည်။

**သခင်ယေရှု၊**

*"ငါ့ကိုချစ်လျှင်ငါ့ပညတ်တို့ကိုစောင့်ရှောက်ကြလော့။"
(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၄း၁၅)*

*"သင်တို့သည်အချင်းချင်းတယောက်ကိုတယောက်ချစ်ကြ
လော့။ ငါသည်သင်တို့ကိုချစ်သည်နည်းတူအချင်းချင်းချစ်ကြလော
ဟုပညတ်သစ်ကိုငါပေး၏။"(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၃း၃၄)*

*"ယေရှုကလည်းသင့်ထားကိုသူ့နေရာ၌ပြန်ထားလော့။
ထားကိုကိုင်သောသူရှိသမျှတို့သည်ထားဖြင့်ဆုံးခြင်းသို့ရောက်ကြလိမ့်
မည်။"(ရှင်မဿဲခရစ်ဝင်ကျမ်း ၂၆း၅၂)*

**ရှင်ယောဟန်၊**

*"လောကကိုငှင်း၊လောက၌ရှိသောအရာတို့ကိုငှင်း၊မချစ်
ကြနှင့်၊...လောက၌ရှိသမျှသောအရာတည်းဟူသောကိုယ်ကာယတပ်
မက်ခြင်း၊မျက်စိတပ်မက်ခြင်း၊လောကီစည်းစိမ်၌ဝါကြွားခြင်းတို့သည်ခ
မည်းတော်နှင့်မစပ်ဆိုင်၊လောကနှင့်သာစပ်ဆိုင်ကြ၏။"(ရှင်ယော
ဟန်ခရစ်ဝင်ကျမ်းပထမစောင် ၂း၁၅–၁၆)*

**ရှင်ပေါလုနှင့်သခင်ယေရှု၊**

*"အကြောင်းမူကား၊သင်တို့၌ငါပေးအပ်သောအရာကိုသ*



*အောက်မေ့ခြင်းမရှိပါ။ မရဏာနိုင်ငံတွင်ကျေးဇူးတော်ကိုအဘယ်
သူချီးမွမ်းပါမည်နည်း။"(ဆာလံကျမ်း ၆း၅)*

**ဟေဇကီမင်း၊**

*"အကယ်စင်စစ်မရဏာနိုင်ငံသည်ဂုဏ်တော်ကိုမချီးမွမ်းရ
ပါ။ သေနေသောသူသည်ဂုဏ်တော်ကိုထောမနာသီချင်းမဆိုရပါ။
တွင်းထဲသို့ဆင်းသောသူသည်သစ္စာတော်ကိုမမြော်လင့်ရပါ။(ယေ
ရှာယအနာဂတ္တိကျမ်း ၃၈း၁၈)*

**ရှင်ပေတရု၊**

*"ထိုဒါဝိတ်သည်သေ၍သင်္ဂြိုဟ်သောတွင်းသည်ယခုတိုင်
အောင်ငါတို့၌ရှိ၏။...ဒါဝိဒ်သည်ကောင်းကင်သို့မတက်သေး။"(တ
မန်တော်ဝတ္ထု ၂း ၂၉၊၃၄)*

**တမန်တော်ပေါလု၊**

*"ခရစ်တော်သည်ထမြောက်တော်မမူလျှင်၊သင်တို့သည်ယုံ
ကြည်ကြသော်လည်းအကျိုးမရှိ၊ဒုစရိုက်အပြစ်အောက်၌ရှိကြသေး၏။
ထိုမှတပါး၊ခရစ်တော်ကိုယုံကြည်၍အိပ်ပျော်သောသူတို့သည်ဆုံးရှုံး
ခြင်းသို့ရောက်ကြပြီ။ ငါတို့သည်ခရစ်တော်ကိုအမှီပြု၍ယခုဘဝ၌
သာမြော်လင့်စရာရှိလျှင်၊အခြားသောသူအပေါင်းတို့ထက်သာ၍
ဆင်းရဲသောသူဖြစ်ကြ၏။"(ကောရိန္သုဩဝါဒစာပထမစောင် ၁၅း
၁၇–၁၉)*

ဓမ္မဟောင်းကျမ်းစာပါမရဏာနှင့်ငရဲဟူသောဝေါဟာရတို့မှာတူညီ
သောအနက်နှင့်တူညီသောနေရာပင်ဖြစ်ကြောင်းသမ္မာကျမ်းစာမှဖော်ပြခြင်း

ဖြစ်သည်။ သေဆုံးကြသူအားလုံးတို့မှာမေ့လျော့အိပ်ပျော်သောထိုနေရာသို့ မလွဲမသွေသွားရောက်ကြရမည့်နေရာပင်ဖြစ်သည်။

## သခင်ခရစ်တော်၏လောကသို့ တစ်ဖန်ကြွရောက်တော်မူခြင်း။

ကျွန်တော်တို့သည်သခင်ခရစ်တော်၏ နောက်တော်သို့လိုက်ပါကြမည်ဟုကြွေးကြော်မှုမျိုးရှိခဲ့ကြလျှင်သခင်ခရစ်တော်၏ အဦးဆုံးသောတပည့်တော်များနှင့်အတူတကွသခင်ခရစ်တော်၏ ဒုတိယအကြိမ်ကြွလာတော်မူခြင်းကိုမျှော်လင့်စောင့်ဆိုင်းကြရပါမည်။

**သခင်ယေရှု၊**

*"လူသားသည်မိမိဘုန်းအာနုဘော်ကိုဆောင်လျက်၊သန့်ရှင်းသောကောင်းကင်တမန်များအခြံအရံတို့နှင့်တကွကြွလာတော်မူသောအခါ၊......"(ရှင်မဿဲခရစ်ဝင်ကျမ်း ၂၅း၃၁)*

**ကောင်းကင်တမန်များ၊**

*"သင်တို့နှင့်ခွါ၍ကောင်းကင်သို့ဆောင်ယူခြင်းကိုခံတော်မူသောထိုယေရှုသည်သင်တို့မျက်မှောက်၌ကောင်းကင်သို့သွားတော်မူသည်နည်းတူတဖန်ကြွလာတော်မူလတံ့ဟုပြောဆို၏။"(တမန်တော်ဝတ္ထု ၁း၁၁)*

**ရှင်ပေတရု၊**

*"သင်တို့အဘို့အလိုငှါခန့်ထားတော်မူနှင့်သောယေရှုခရစ်ကိုစေလွှတ်တော်မူမည်အကြောင်း၊......"(တမန်တော်ဝတ္ထု ၃း ၂၀)*



*"ယေရှုကလည်း၊ရေနှင့်ဝိညာဉ်တော်မမွေးသောသူမည်သည်ကား၊ဘုရားသခင်၏ နိုင်ငံတော်သို့မဝင်ရဟုငါအမှန်အကန်ဆို၏။"(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၃း၅)*

**ရှင်ပေတရု၊**

*"သင်တို့၏ အပြစ်ကိုလွှတ်စေခြင်းငှါနောင်တရ၍တယောက်မျှမကြွင်း၊ယေရှုခရစ်၏ နာမ၌ဗတ္တိဇံကိုခံကြလော့။...ထိုစကားကိုအသင့်နှလုံးသွင်းမိသောသူတို့သည်ဗတ္တိဇံကိုခံ၍၊....ထိုသူများသည်တမန်တော်တို့၏ ဆုံးမဩဝါဒကိုခံခြင်း၊အပေါင်းအသင်းဖွဲ့ခြင်း၊မုန့်ကိုဖွဲ့ခြင်း၊ပဌနာပြုခြင်းတို့ကိုအမြဲဆောင်ရွက်နေကြ၏။ (တမန်တော်ဝတ္ထု ၂း၃၈၊၄၁–၄၂)*

**ရှင်ပေါလု၊**

*"ယေရှုခရစ်၌ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည်အသေခံတော်မူခြင်း၌ဗတ္တိဇံကိုခံကြသည်ဟုသင်တို့မသိသလော။(ရောမဩဝါဒစာ ၆း၃–၄)*

သမ္မာကျမ်းစာ၌ဗတ္တိဇံဆိုသည်မှာ၊မိမိတို့၏ အသက်တာဟောင်းကိုစွန့်ပစ်ခြင်းနှင့်မြှုပ်နှံခြင်းတို့၌ဆန္ဒရှိ၍ဝန်ခံသူများအားရေထဲ၌နှစ်ခြင်းပြုကြခါ ခရစ်တော်နှင့်အတူရှင်ပြန်ထမြောက်သည့်အသက်တာအသစ်ကိုအစပြုခြင်းပင်ဖြစ်ပါသည်။

## ခရစ်ယာန်အသက်တာ၊

ကျွန်တော်တို့သည်သခင်ခရစ်တော်၏ နောက်တော်သို့လိုက်ပါကြမည်ဟုကြွေးကြော်မှုမျိုးရှိခဲ့ကြလျှင်သခင်ယေရှု၏ အသက်တာစံနမူနာနောက်

နှင့်ထာဝရအသက်ရှင်သန်ခြင်းတို့ဖြစ်လာပါသည်။ သခင်ခရစ်တော်နှင့်ထိုသူတို့ ၏ အသက်တာဟောင်းကိုအသေသတ်ခဲ့ကြပြီးခရစ်တော်၏ နောက်တော်သို့လိုက်ပါကြဖို့ရန်ရှာဖွေခဲ့ကြခါ၊သူ၏ ကူညီမစမှုကိုလက်ခံရရှိကြ၍တူညီသောဆု ကျေးဇူးတော်ကိုနောက်ဆုံး၌ရရှိကြပါလိမ့်မည်။

## စစ်မှန်သောဗတ္တိဇံ၊

ကျွန်တော်တို့သည်သခင်ခရစ်တော်၏ နောက်တော်သို့လိုက်ပါကြမည်ဟုကြွေးကြော်မှုမျိုးရှိခဲ့ကြလျှင်သခင်ယေရှု၏ ပညတ်တော်ကိုကျွန်တော်တို့မှမလွဲမသွေနာခံကြရပါမည်။ ယုံကြည်ကြသည့်အတိုင်းပင်ဗတ္တိဇံမင်္ဂလာကိုခံယူကြရမည်ဖြစ်သည်။

**သခင်ယေရှု၊**

***"ယေရှုကလည်း၊အလုံးစုံသောတရားတို့ကိုအကုန်အစင်ကျင့်သင့်သည်ဖြစ်၍၊ယခုအခွင့်ပေးပါဟုပြန်ပြောတော်မူ၏ ။ "(ရှင်မဿဲခရစ်ဝင်ကျမ်း ၃း၁၅)***

***"ယေရှုသည်ဗတ္တိဇံကိုခံတော်မူပြီးလျှင်၊ရေပေါ် မှထစဉ်တွင်ကောင်းကင်ဖွင့်လှစ်သဖြင့်၊ဘုရားသခင်၏ ဝိညာဉ်တော်သည်ချိုးငှက်ကဲ့သို့ဆင်းသက်၍ကိုယ်တော်အပေါ် ၌နားတော်မူသည်ကိုမြင်ရ၍၊ဤသူကားငါနှစ်သက်မြတ်နိုးရာ၊ငါ၏ ချစ်သားပေတည်းဟုကောင်းကင်ကအသံတော်ဖြစ်လေ၏ ။ "(ရှင်မဿဲခရစ်ဝင်ကျမ်း ၃း၁၇)***

***"ယုံကြည်၍ဗတ္တိဇံကိုခံသောသူသည်ကယ်တင်တော်မူခြင်းသို့ ရောက်လတံ့။ မယုံကြည်သောသူမူကားအပြစ်စီရင်ခြင်းကိုခံရလတံ့။ "(ရှင်မာကုခရစ်ကျမ်း ၁၆း၁၆)***



**ရှင်ပေါလု၊**

***"သခင်ဘုရားသည်ကြွေးကြော်ခြင်း၊ကောင်းကင်တမန်မင်းအသံပေးခြင်း၊ဘုရားသခင်၏ တံပိုးတော်ကိုမှုတ်ခြင်းနှင့်တကွ၊ကောင်းကင်ဘုံမှကိုယ်တိုင်ဆင်းသက်တော်မူ၍၊"(သက်သာလောနိတ်ဩဝါဒစာပထမစောင် ၄း၁၆)***

သခင်ယေရှုဒုတိယအကြိမ်ကြွလာတော်မူခြင်းဖြင့်၊ယခင်သူကြွရောက်လာတော်မူခဲ့သောအချိန်ကာလတွင်စတင်လုပ်ဆောင်တော်မူခဲ့သောအလုပ်ကိုပြီးစီးအောင်ပြုလုပ်နိုင်တော်မူပါလိမ့်မည်။

## သခင်ယေရှုသည်ဘုရင်မင်းမြတ်ဖြစ်တော်မူခြင်း၊

ကျွန်တော်တို့သည်သခင်ခရစ်တော်၏ နောက်တော်သို့လိုက်ပါကြမည်ဟုကြွေးကြော်မှုမျိုးရှိခဲ့ကြလျှင်သခင်ယေရှုခရစ်သည်သူ၏ ဒုတိယအကြိမ်ကြွလာတော်မူခြင်းတွင်တစ်လောကလုံးကိုအုပ်စိုးရသောဘုရင်မင်းမြတ်ဖြစ်တော်မူခြင်းမှာကျိန်းသေ၊သေချာပါသည်။

**ကောင်းကင်တမန်ဂါဗြေလ၊**

***"ထိုသားသည်ကား၊ကြီးမြတ်သောသူဖြစ်လိမ့်မည်။ အမြင့်ဆုံးသောဘုရား၏ သားတော်ဟုခေါ် ဝေါ် သမုတ်ခြင်းကိုခံရလိမ့်မည်။ သူ့အဘဒါဝိဒ်၏ ရာဇပလ္လင်ကိုထာဝရအရှင်ဘုရားသခင်သည်သူ့အားပေးတော်မူမည်။ "(ရှင်လုကာခရစ်ဝင်ကျမ်း ၁း ၃၂–၃၃)***

**သခင်ယေရှု၊**

*"တဖန်တုံ၊မဟုတ်မမှန်ဘဲလျှက်ကျိန်ဆိုခြင်းကိုမပြုရ။… ယေရုရှလင်မြို့ကိုတိုင်တည်၍မကျိန်ရ။ မဟာမင်းကြီး၏မြို့တော်ဖြစ်သတည်း။" (ရှင်မဿဲခရစ်ဝင်ကျမ်း ၅း၃၃၊၃၅)*

**ပရောဖက်ယေရမိ၊**

*"ထာဝရဘုရားမိန့်တော်မူသည်ကား၊သန့်ရှင်းသောအညွန့်ကိုဒါဝိဒ်အဘို့ငါပေါက်စေသည်အတိုင်း၊ဉာဏ်ကောင်းသောရှင်ဘုရင်တဦးသည်စိုးစံ၍၊မြေကြီးပေါ်မှာတရားသဖြင့်ဖြောင့်မတ်စွာစီရင်ရာကာလသည်ရောက်လိမ့်မည်။ ထိုမင်းလက်ထက်၌ယုဒပြည်သည်ကယ်တင်ခြင်းသို့ရောက်၍၊ဣသရေလပြည်လည်းငြိမ်ဝပ်စွာနေရလိမ့်မည်။ ထိုမင်းသည်ယေဟောဝါဇေဒကနုဟူသောဘွဲ့နာမရှိလိမ့်သတည်း။" (ယေရမိအနာဂတ္တိကျမ်း ၂၃း၅–၆)*

**ပရောဖက်ဇာခရိ၊**

*"ထိုနေ့ရက်၌ခြေတော်သည်ယေရုရှလင်မြို့အရှေ့၊သံလွင်တောင်ပေါ်မှာရပ်၍၊……ထာဝရဘုရားသည်တပြည်လုံးတွင်ရှင်ဘုရင်ဖြစ်တော်မူမည်။ ထိုနေ့ရက်၌ထာဝရဘုရားတပါးတည်း၊နာမတော်တပါးတည်းဖြစ်တော်မူမည်။ (ဇာခရိအနာဂတ္တိကျမ်း ၁၄း၄၊၉)*

**ရှင်ပေါလု ။**

*"အကြောင်းမူကား၊ခန့်ထားတော်မူသောသူအားဖြင့်လောကီသားတို့ကိုဖြောင့်မတ်ခြင်းတရားနှင့်ညီလျော်စွာစစ်ကြောစီရင်မည့်နေ့ရက်ကိုချိန်းချက်တော်မူပြီ။ ထိုသူကိုသေခြင်းမှထမြောက်စေတော်မူသောအားဖြင့်၊…"(တမန်တော်ဝတ္ထု ၁၇း၃၁)*



*မူကား၊ငါတို့သည်နောက်မှအပြစ်တရား၏ အစေကိုမခံစေခြင်းငှါ၊အပြစ်တရား၏ ကိုယ်ကိုဖျက်ဆီးမည်အကြောင်းတည်း။" (ရောမသြဝါဒစာ ၆း၆)*

*"ငါသည်ခရစ်တော်နှင့်အတူလက်ဝါးကပ်တိုင်မှာအသေခံပြီ။ သို့သော်လည်းအသက်ရှင်သေး၏ ။ ထိုသို့ဆိုသော်ငါသည်ကိုယ်တိုင်မရှင်၊ခရစ်တော်သည်ငါ၌ရှင်တော်မူ၏ ။ ကိုယ်ခန္ဓာ၌ယခုငါရှင်သောအသက်သည်ဘုရားသခင်၏ သားတော်ကိုယုံကြည်ခြင်းအားဖြင့်တည်၏ ။ သားတော်သည်ငါ့ကိုချစ်၍ငါ့အဘို့ကိုယ်ကိုစွန့်တော်မူ၏ ။" (ဂလာတိသြဝါဒစာ ၂း ၂၀)*

*"ခရစ်တော်နှင့်စပ်ဆိုင်သောသူတို့သည်ဇာတိပကတိကိုငင်း၊ဇာတိပကတိစိတ်များနှင့်အလိုဆန္ဒများကိုငင်း၊လက်ဝါးကပ်တိုင်မှာရိုက်ထားကြပြီ။" (ဂလာတိသြဝါဒစာ ၅း ၂၄)*

*"ထိုလက်ဝါးကပ်တိုင်တော်မှာဤလောကသည်ငါ့အဘို့ရိုက်ထားခြင်းကိုခံလျက်ရှိ၏ ။ ငါသည်လည်းဤလောကအဘို့ရိုက်ထားခြင်းကိုခံလျက်ရှိ၏ ။"(ဂလာတိသြဝါဒစာ ၆း၁၄)*

**သခင်ယေရှု၊**

*"မိမိတို့ဝတ်လုံကိုသိုးသငယ်၏ အသွေး၌လျှော်၍ဖြူစေသောသူဖြစ်ကြသတည်း။" (ဗျာဒိတ်ကျမ်း ၇း၁၄)*

သခင်ယေရှုသည်လက်ဝါးကပ်တိုင်ပေါ်တွင်အသေခံခြင်းဖြင့်ဒုစရိုက်အပြစ်၏ တန်ခိုးကိုဖျက်ဆီးတော်မူခဲ့ရာ၊ယခုတွင်အလွန်ကောင်းမွန်ခြင်း

ခင်ခရစ်တော်လေးစားတော်မူသောဘုရားသခင်နှုတ်ကပတ်တော်ကိုလည်းယုံကြည်ကြရန်လိုအပ်ပါသည်။

## လက်ဝါးကားတိုင်ကိုထမ်းရွက်ခြင်း၊

ကျွန်တော်တို့သည်သခင်ခရစ်တော်၏ နောက်တော်သို့လိုက်ပါကြမည်ဟုကြွေးကြော်မှုမျိုးရှိခဲ့ကြလျှင်ကျွန်တော်တို့၏ အားနည်းခြင်းများနှင့်ကျွန်တော်တို့၏ အသွေးအသားလိုအင်ဆန္ဒသဘောသဘာဝ၏ ဝါကြွားခြင်းတို့ကိုစွန့်လွှတ်ကြဖို့ရန်လိုအပ်ကြရလိမ့်မည်ဖြစ်ပြီး၊သခင်ယေရှုလက်ဝါးကားတိုင်တော်ပေါ် တွင်အသေခံတော်မူခြင်း၏ ပုံသက်သေကိုသင်ကြားကြရပါမည်။

**သခင်ယေရှု၊**

*“ထိုအခါယေရှုက၊ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင်ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကိုထမ်း၍ငါ့နောက်သို့လိုက်ရမည်။ (ရှင်မဿဲခရစ်ဝင်ကျမ်း ၁၆း၂၄)*

**ရှင်ပေါလု၊**

*“ယေရှုခရစ်၌ရှိသောထိုစိတ်သဘောကိုသင်တို့၌လည်းရှိစေကြလော့။ထိုသို့လူ၏ ဂုဏ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက်၊အသေခံခြင်းသာမဟုတ်၊လက်ဝါးကပ်တိုင်မှာအသေခံခြင်းတိုင်အောင်အစေကျွန်ခံ၍ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏ ။ ထို့ကြောင့်ဘုရားသခင်သည်ကိုယ်တော်ကိုအလွန်ချီးမြှောက်၍ဘွဲ့နာမတကာတို့ထက်ကြီးမြတ်သောဘွဲ့နာမကိုပေးသနားတော်မူ၏ ။ ” (ဖိလိပ္ပိသြဝါဒစာ ၂း၅–၁၁)*

*“ထိုမှတပါး၊ငါတို့၏ လူဟောင်းသည်ထိုသခင်နှင့်အတူလက်ဝါးကပ်တိုင်မှာအသေသတ်ခြင်းကိုခံပြီဟုငါတို့သိကြ၏ ။ အကြောင်း*



သခင်ယေရှုသည်တလောကလုံးအားဖြောင့်မတ်ခြင်းတရားတော်ဖြင့်အုပ်ချုပ်မှုရှိမှသာလျှင်ဤလောက၌ဘုရားသခင်အတွက်ဘုန်းတော်နှင့်ပြည့်ဝစုံလင်နိုင်မည်ဖြစ်ပါသည်။

## ဘုရားသခင်၏နိုင်ငံတော်၊

ကျွန်တော်တို့သည်သခင်ခရစ်တော်၏ နောက်တော်သို့လိုက်ပါကြမည်ဟုကြွေးကြော်မှုမျိုးရှိခဲ့ကြလျှင်ဘုရားသခင်သည်ဤမြေလောကတခွင်၌သူအုပ်ချုပ်တော်မူမည့်နိုင်ငံတော်ကိုတည်ထောင်တော်မူလိမ့်ဖြစ်ကြောင်းကိုကျွန်တော်တို့သိရှိကြပြီးဝမ်းမြောက်ရွှင်လန်းနိုင်ကြရပါလိမ့်မည်။

**ပရောဖက်ဒံယေလ။**

*“ပျက်ဆီးခြင်းသို့မရောက်နိုင်သောနိုင်ငံတခုကိုထိုမင်းကြီးများလက်ထက်၌ကောင်းကင်ဘုံရှင်ဘုရားသခင်သည်တည်ထောင်စေတော်မူမည်။(ဒံယလအနာဂတ္တိကျမ်း ၂း၄၅)*

**သခင်ယေရှု၊**

*“လောကီနိုင်ငံသည်ငါတို့ အရှင်၏ နိုင်ငံဖြစ်လေပြီ။ ထိုအရှင်၏ ခရစ်တော်နိုင်ငံဖြစ်လေပြီ။ သူသည်လည်းကမ္ဘာအဆက်ဆက်စိုးစံတော်မူမည်ဟုပြောဆိုကြ၏ ။… အနန္တတန်ခိုးနှင့်ပြည့်စုံ၍၊ပစ္စုပ္ပန်၊အတိတ်၊အနာဂတ်ကာလအစဉ်ရှိတော်မူသောထာဝရအရှင်ဘုရားသခင်၊ကိုယ်တော်၏ မဟာတန်ခိုးတော်ကိုယူဆောင်၍စိုးစံတော်မူသောကျေးဇူးတော်ကိုအကျွန်ုပ်တို့သည်ချီးမွမ်းပါ၏ ။ ”(ဗျာဒိတ်ကျမ်း ၁၁း၁၅၊၁၇)*

ဘုရားသခင်သည်သူ၏စကြဝဠာတစ်ခုလုံးအားအုပ်ချုပ်တော်မူသောစစ်မှန်သည့်အရှင်သခင်ဖြစ်တော်မူပါသည်။

**ဆာလံဆရာများ။**

***"ထာဝရဘုရားသည်ပလ္လင်တော်ကိုကောင်းကင်ဘုံ၌တည်တော်မူ၍၊အာဏာတော်သည်ခပ်သိမ်းသောအရပ်တို့ကိုနှံ့ပြား၏။"***
***(ဆာလံကျမ်း ၁၀၃း၁၉)***

**ပရောဖက်ဒံယေလ၊**

***"အမြင့်ဆုံးသောဘုရားသည်လောကီနိုင်ငံကိုအုပ်စိုး၍၊ပေးလိုသောသူတို့အားပေးတော်မူသည်ကိုကိုယ်တော်မသိမမှတ်မှီကာလ၊...."(ဒံယေလအနာဂတ္တိကျမ်း ၄း၂၅)***

***"အာဏာတော်သည်ထာဝရအာဏာဖြစ်၏။ နိုင်ငံတော်သည်ကမ္ဘာအဆက်ဆက်တည်၏။"(ဒံယေလအနာဂတ္တိကျမ်း ၄း၃၄)***

ဘုရားသခင်၏နိုင်ငံတော်သည်အစ္စရေးနိုင်ငံတွင်တစ်ကြိမ်တစ်ခါတည်ထောင်တော်မူခဲ့ပြီး၊သူ၏လူမျိုးတို့သည်ဆိုးညစ်ခဲ့မှုများကြောင့်၊ထိုနိုင်ငံတော်အားဖယ်ရှားတော်မူခဲ့ပါသည်။

**မောရှေ၊**

***"ထို့ကြောင့်ယခုတွင်သင်တို့သည်ငါ့စကားကိုအမှန်နားထောင်၍၊ငါ့ပဋိညာဉ်ကိုစောင့်ရှောက်လျှင်၊...သင်တို့သည်လည်းမင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊သန့်ရှင်းသောလူမျိုးဖြစ်ရကြလိမ့်မည်ဟူသောအမိန့်တော်ကိုဣသရေလအမျိုးသားတို့အားဆင့်အားအကျိုးပေးတော်မူသည်ကိုရင်း၊ယုံကြည်ရမည်။(ဟေဗြဲဩဝါဒစာ ၁၁း၆)***



ထို့အပြင်၊ဆန့်ကျင်၍မှားယွင်းသောသွန်သင်ခြင်းမျိုးကိုသတိပြုကြရန်သွန်သင်လျက်ရှိနေသည်မှာ၊–

**ရှင်ပေါလု၊**

*"သို့သော်လည်း၊သင်တို့အားငါတို့ဟောပြောသောဧဝံဂေလိတရားမှတပါးအခြားသောဧဝံဂေလိတရားကိုကိုငါတို့သည်ဟောပြောသော်၎င်း၊ကောင်းကင်ဘုံမှလာသောကောင်းကင်တမန်ဟောပြောသော်၎င်း၊ဟောပြောသောသူသည်ကျိန်တော်မူခြင်းကိုခံစေ။"*
***(ဂလာတိဩဝါဒစာ ၁း၈)***

စဉ်းစားမှုမရှိသောလူအများစုတို့၏နောက်လိုက်ခြင်းမျိုးကိုလည်းရှောင်ရှားကြရန်လိုအပ်ပါသည်။

**သခင်ယေရှု၊**

***"ကျဉ်းသောတံခါးကိုဝင်ကြလော့။ ပျက်စီးခြင်းသို့ရောက်သောလမ်းနှင့်တံခါးသည်ကျယ်ဝန်းသည်ဖြစ်၍ဝင်သောသူတို့သည်များကြ၏။"(ရှင်မဿဲခရစ်ဝင်ကျမ်း ၇း၁၃–၁၄)***

ကယ်တင်ခြင်းဆုကျေးဇူးတော်ကိုအလွယ်တကူရနိုင်မည်ဟုထင်မြင်ယူဆခြင်းသည်သမ္မာကျမ်းစာမှခွင့်မပြုထားပါ။ အပြစ်သားများအတွက်ကယ်တင်ခြင်းဆုကျေးဇူးတော်ကိုရရှိခံစားဖို့ရန်တစ်ခုတည်းသောနည်းလမ်းမှာ၊သခင်ယေရှုဦးဆောင်တော်မူခဲ့သောအရာတွင်နာခံခြင်းနှင့်သူ့၌ယုံကြည်၍သ

ကိုလက်ခံယုံကြည်ကြရပါမည်။

**သခင်ယေရှု၊**

*“ဘုရားသခင်၏ သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည်ပျက်စီးခြင်းသို့မရောက်၊ထာဝရအသက်ကိုရစေခြင်းငှါ၊ဘုရားသခင်သည်မိမိ၌တပါးတည်းသောသားတော်ကိုစွန့်တော်မူသည့်တိုင်အောင်လောကီသားတို့ကိုချစ်တော်မူ၏။” (ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၃း ၁၆)*

*“ငါသည်ဤမည်သောသူဖြစ်သည်ကိုသင်တို့သည်မယုံလျှင်၊ ကိုယ်အပြစ်၌သေကြလိမ့်မည်ဟုမိန့်တော်မူ၏။”(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၈း ၂၄)*

**တမန်တော်ရှင်ပေါလု၊**

*“ထိုတရားသည်ရှေးဦးစွာ၌ယုဒလူ၊နောက်၌ဟေလသလူ၊ယုံကြည်သမျှသောသူအပေါင်းတို့ကိုကယ်တင်စေသောဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏။ (ရောမဩဝါဒစာ ၁း၁၆)*

*“သင်သည်သခင်ယေရှုကိုနှုတ်ဖြင့်ဝန်ခံ၍၊ဘုရားသခင်သည်သူ့ကိုသေခြင်းမှထမြောက်စေတော်မူပြီဟုစိတ်နှလုံးထဲ၌ယုံကြည်လျှင်၊ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။” (ရောမဩဝါဒစာ ၁၀း၉)*

**ဟေဗြဲ၊**

*“ယုံကြည်ခြင်းမရှိလျှင်၊ဘုရားသခင်၏ စိတ်တော်နှင့်မတွေ့နိုင်။ အကြောင်းမူကား၊ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်သောသူသည်၊ဘုရားသခင်ရှိတော်မူသည်ကိုဧင်း၊ကိုယ်တော်ကိုရှာသောသူ*



*ဆိုလော့ဟုမိန့်တော်မူ၏။” (ထွက်မြောက်ရာကျမ်း ၁၉း၅၊၆)*

**ဒါဝိဒ်၊**

*“အိုထာဝရဘုရား၊ကိုယ်တော်သည်ဘုန်းတန်ခိုးအာနုဘော်၊အောင်မြင်ခြင်းအခွင့်၊အာဏာတော်နှင့်ပြည့်စုံတော်မူ၏။ ကောင်းကင်မြေကြီး၌ရှိရှိသမျှကိုပိုင်တော်မူ၏။ အိုထာဝရဘုရားကိုယ်တော်သည်အစိုးရတော်မူ၏။ ခပ်သိမ်းသောသူတို့၏ အထွဋ်၊မြင့်မြတ်တော်မူ၏။”(ရာဇဝင်ချုပ်ပထမစောင် ၂၉း၁၁)*

*“ထိုအခါရှောလမုန်သည်ခမည်းတော်ဒါဝိဒ်ကိုယ်စားရှင်ဘုရင်အရာကိုခံ၍ထာဝရဘုရား၏ ရာဇပလ္လင်တော်ပေါ် မှာထိုင်လျှက်ဘုန်းကြီးတော်မူ၏။” (ရာဇဝင်ချုပ်ပထမစောင် ၂၉း ၂၃)*

**ယေဇကျေလ၊**

*“အချင်းဆိုးယုတ်သောအဓမ္မဣသရေလမင်းသား၊အဓမ္မ အမှုကြောင့်ဆုံးရှုံးရသောကာလရောက်သောအခါ၊သင်၏ အချိန်ကာလသည်ရောက်လိမ့်မည်။ ဦးရစ်တော်ကိုပယ်၍ရာဇသရဖူကိုချွတ်လော့။ နောက်တဖန်မရှိရ။” (ယေဇကျေလအနာဂတ္တိကျမ်း ၂၁း ၂၅)*

*“အစိုးပိုင်သောသူမရောက်မှီတိုင်အောင်ဇင်းငါမှောက်လှန်မည်။ မှောက်လှန်မည်။ မှောက်လှန်မည်။ အစိုးပိုင်သောသူ၌ငါအပ်မည်ဟုအရှင်ထာဝရဘုရားမိန့်တော်မူ၏။”(ယေဇကျေလအနာဂတ္တိကျမ်း ၂၁း ၂၇)*

သခင်ယေရှုသည်နိုင်ငံတော်ကိုပြန်လည်တည်ထောင်သောအချိန်

တွင်ပုန်ကန်လျှက်ရှိကြသောဣသရေလလူမျိုးများသည်နောင်တရကြရမည်ဖြစ်ပြီးနောင်တမရသောသူများမှာမူငြင်းပယ်ခြင်းကိုခံကြရလိမ့်မည်။

**ပုရောဟိတ်ဇာခရိ၊**

*"သူတို့သည်မိမိတို့ထိုးဖောက်သောငါ့ကိုရှုမြင်ရကြလိမ့်မည်။ တယောက်တည်းသောသားအတွက်အဘသည်ငိုကြွေးမြည်တမ်းသကဲ့သို့၊ထိုသူအတွက်ငိုကြွေးမြည်တမ်းရကြလိမ့်မည်။ သားဦးအတွက်အဘသည်နာကြည်းသကဲ့သို့နာကြည်းရကြလိမ့်မည်။"(ဇာခရိအနာဂတ္တိကျမ်း ၁၂း၁၀)*

*"ကိုယ်တော်ကိုထိုးဖောက်သောသူတို့နှင့်ရှိသမျှသောသူတို့သည်ကိုယ်တော်ကိုရှုမြင်ကြရလိမ့်မည်။ မြေကြီးသားအမျိုးမျိုးရှိသမျှတို့သည်ကိုယ်တော်ကြောင့်ငိုကြွေးမြည်တမ်းရကြလိမ့်မည်။"(ဗျာဒိတ်ကျမ်း ၁း၇ – နှိုင်းယှဉ်ရန်ကျမ်းပိုဒ်)*

**သခင်ယေရှု၊**

*"ထိုအခါအာဗြဟံ၊ဣဇာက်၊ယာကုပ်မှစသောပရောဖက်အပေါင်းတို့သည်ဘုရားသခင်၏ နိုင်ငံတော်ထဲသို့ဝင်၍၊သင်တို့သည်ပြင်သို့နှင်ထုတ်ခြင်းကိုခံရသောအခါငိုကြွေးခြင်း၊အံသွားခဲကြိတ်ခြင်းရှိလတ့ံ။"(ရှင်လုကာခရစ်ဝင်ကျမ်း ၁၃း ၂၈)*

သခင်ယေရှုသည်တိုင်းနိုင်ငံများကိုအုပ်ခြင်း အားဖြင့်သူ၏ နိုင်ငံတော်ကိုတည်ထောင်လိမ့်မည်ဖြစ်သည့်အပြင်သူ့ အားသတ်ဖြတ်ခဲ့ကြသောလူတို့မှာသူ၏ ဩဇာကိုခံကြရပါလိမ့်မည်။



*သားသည်လည်းဘုရားသခင်၏ သားတော်ဟုခေါ် ဝေါ် သမုတ်ခြင်းကိုခံရလိမ့်မည်။"(ရှင်လုကာခရစ်ဝင်ကျမ်း ၁း၃၅)*

**ရှင်ပေတရု၊**

*"ဘုရားသခင်၏ သန့်ရှင်းသူတို့သည်သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကိုခံရ၍ဟောပြောကြ၏ ။"(ရှင်ပေတရုဩဝါဒစာဒုတိယစောင် ၁း ၂၁)*

*"ဘုရားသခင်သည်သန့်ရှင်းသောဝိညာဉ်တော်နှင့်၎င်း၊တန်ခိုးတော်နှင့်၎င်း၊နာဇရက်မြို့ သားယေရှုကိုဘိသိက်ပေးတော်မူသဖြင့်၊"(တမန်တော်ဝတ္ထု ၁၀း၃၈)*

သမ္မာကျမ်းစာတော်မြတ်ကိုဆန်းစစ်ရာ၌ခပ်သိမ်းသောအရာများသည်ဘုရားသခင်အတွက်သာဖြစ်ပါသည်။ ယင်းမှာ၊သားတော်သခင်ယေရှုသည်ဘုရားသခင်၏ ရည်ရွယ်ချက်တော်အားလုံးတို့၏ ဗဟိုအချက်အခြာဖြစ်တော်မူပါသည်။ သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသောဘုရားသခင်၏ ကိုယ်ပိုင်တန်ခိုးတော်အားဖြင့်၊ပရောဖက်များ၊တမန်တော်များနှင့်သန့်ရှင်းသူတို့အကြား၊ဘုရားသခင်လုပ်ဆောင်တော်မူသောအရာကိုထုတ်ဖေါ် ပြသလျှက်ရှိပါသည်။

## ယေရှုခရစ်တော်၌ယုံကြည်ခြင်း၊

ကျွန်တော်တို့သည်သခင်ခရစ်တော်၏ နောက်တော်သို့လိုက်ပါကြမည်ဟုကြွေးကြော်မှုမျိုးရှိခဲ့ကြလျှင်သခင်ခရစ်တော်၌ယုံကြည်ခြင်းရှိကြဖို့ရန်အထူးလိုအပ်ကြပါသည်။ ခရစ်ယာန်တစ်ယောက်သည်ခရစ်တော်၏ နောက်တော်သို့မလိုက်ခင်အချိန်ကာလတွင်စစ်မှန်ဖြောင့်မတ်သောသတင်းကောင်း

*တည်းရှိတော်မူ၏။ ထိုဘုရားသခင်သည်ခပ်သိမ်းသောငါတို့၏ အပေါ် မှာရှိတော်မူ၏။ ခပ်သိမ်းသောငါတို့၏ အထဲ၌လည်းရှိတော်မူ၏။" (ဖေက်ဩဝါဒစာ ၄း၄–၆)*

**သခင်ယေရှု၊**

*"ငါ့ခမည်းတော်သည်ငါ့ထက်သာ၍ကြီးမြတ်တော်မူ၏၊" (ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၄း ၂၈)*

*"မိမိအလိုအလျောက်အဘယ်အမှုကိုမျှမပြုနိုင်။ ခမည်းတော်ပြုတော်မူသမျှအတိုင်းသားတော်လည်းပြု၏။"(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၅း၁၉)*

*"ငါသည်ငါ့ခမည်းတော်၏ ပညတ်တို့ကိုစောင့်ရှောက်၍ခမည်းတော်၏ မေတ္တာ၌တည်နေသကဲ့သို့၊သင်တို့ သည်ငါ့ပညတ်တို့ကိုစောင့်ရှောက်လျှင်၊ငါ့မေတ္တာ၌တည်နေကြလိမ့်မည်။ (ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၅း၁၀)*

*"သို့သော်လည်း၊အကျွန်ုပ်အလိုရှိသည့်အတိုင်းမဖြစ်ပါစေနှင့်၊ကိုယ်တော်အလိုရှိသည်အတိုင်းဖြစ်ပါစေသောဟုဆုတောင်းတော်မူ၏။" (ရှင်လုကာခရစ်ဝင်ကျမ်း ၂၂း၄၂)*

**တမန်တော်ဂါလေလ၊**

*"သန့်ရှင်းသောဝိညာဉ်တော်သည်သင်၏ အပေါ် မှာသက်ရောက်တော်မူ၍၊အမြင့်ဆုံးသောဘုရား၏ တန်ခိုး အာနုဘော်တော်သည်သင့်ကိုလွှမ်းလိမ့်မည်။ ထိုအကြောင်းကြောင့်ထိုသန့်ရှင်းသော*



## ဒုစရိုက်အပြစ်၏မူလအရင်းအမြစ်၊

ကျွန်တော်တို့သည်သခင်ခရစ်တော်၏ နောက်တော်သို့လိုက်ပါကြမည်ဟုကြွေးကြော်မှုမျိုးရှိခဲ့ကြလျှင်လူမျိုးနွယ်တို့၌ရှိသောဘုရားသခင်အားမုန်းတီးဆန့်ကျင်သည့်"ဆိုးဝါးသော" လူနှလုံးသားမှပေါက်ဖွားလာသေဒုစရိုက်ကိုအသိအမှတ်ပြုကြရပါလိမ့်မည်။

**ယေရမိ၊**

*"စိတ်နှလုံးသည်ခပ်သိမ်းသောအရာထက်စဉ်းလဲတတ်၏။ အလွန်ယိုယွင်းသောသဘောရှိ၏။"(ယေရမိအနာဂတ္တိကျမ်း ၁၇း၉)*

**ရှင်ယာကုပ်၊**

*"မိမိတပ်မက်သောစိတ်ဆွဲငင်ဖြားယောင်ခြင်းကိုခံသောသူမည်သည်ကား၊အပြစ်သွေးဆောင်ခြင်းသို့ရောက်တတ်၏။" (ရှင်ယာကုပ်ဩဝါဒစာ ၁း၁၄)*

**ဟေဗြဲ၊**

*"ထိုသူငယ်တို့သည်အသွေး အသားနှင့်ဆက်ဆံကြသောကြောင့်၊ခရစ်တော်သည်အသေခံတော်မူသောအားဖြင့်၊သေခြင်းတရားကိုအစိုးရသောသူတည်းဟူသောမာရ်နတ်၏ တန်ခိုးကိုချိုးဖွဲ့ဖျက်ဆီးခြင်းငှါ၎င်း၊..."(ဟေဗြဲဩဝါဒစာ ၂း၁၄–၁၅)*

*"ယခုမူကား၊ဤကပ်ကာလအဆုံး၌တခါတည်းကိုယ်ကိုပူဇော်သောအားဖြင့်အပြစ်များကိုသုတ်သင်ပယ်ရှင်းခြင်းငှါပေါ် ထွန်းတော်မူ၏။" (ဟေဗြဲဩဝဒစာ ၉း ၂၆)*

**သခင်ယေရှု၊**

***"လူအတွင်းနှလုံးထဲကမကောင်းသောကြံစည်ခြင်း၊သူ့မယားကိုပြစ်မှားခြင်း၊မိန်းမလွတ်နှင့်မှားယွင်းခြင်း၊လူ့ အသက်ကိုသတ်ခြင်း၊သူ့ဉစ္စာကိုခိုးခြင်း၊လောဘလွန်ကျူးခြင်း၊မနာလိုခြင်း၊လှည့်စားခြင်း၊ညစ်ညူးခြင်း၊ပြစ်မှားခြင်း၊သူ့အသရေကိုဖျက်ခြင်း၊ထောင်လွှားစော်ကားခြင်း၊လျှပ်ပေါ်ခြင်း၊ဤဆိုးညစ်သောအရာများတို့သည်အတွင်းမှထွက်လာ၍လူကိုညစ်ညူးစေကြသည်ဟုမိန့်တော်မူ၏။"(ရှင်မာကုခရစ်ဝင်ကျမ်း ၇း ၂၁–၂၃)***

**ရှင်ပေါလု၊**

***"ဇာတိပကတိအကျင့်တို့ သည်ထင်ရှားကြ၏။ ထိုအကျင့်တို့မှုကား၊သူ့မယားကိုပြစ်မှားခြင်း၊မတရားသောမေထုန်၌မှီဝဲခြင်း၊ညစ်ညူးစွာကျင့်ခြင်း၊ကိလေသာလွန်ကျူးခြင်း၊ရုပ်တုကိုကိုးကွယ်ခြင်း၊သူတပါးကိုပြုစားခြင်း၊ရန်ငြိုးဖွဲ့ခြင်းရန်တွေ့ခြင်း၊ဂုဏ်ပြိုင်ခြင်း၊အမျက်ထွက်ခြင်း၊ငြင်းခုံခြင်း၊အချင်းချင်းကွဲပြားခြင်း၊သင်းခွဲခြင်း၊သူ့ အကျိုးကိုပြူစုခြင်း၊လူအသက်ကိုသတ်ခြင်း၊ယစ်မျိုးကိုသောက်ကြူးခြင်း၊ပွဲလုပ်ခြင်းမှစ၍ထိုသို့သောအကျင့်ပေတည်း။ ထိုသို့သောအကျင့်ကိုကျင့်သောသူတို့သည်ဘုရားသခင်၏ နိုင်ငံတော်ကိုအမွေမခံရကြဟုအထက်ကငါပြောနှင့်ခဲ့ပြီးသည်အတိုင်းယခုပင်လည်းငါပြောနှင့်၏။"(ဂလာတိဩဝါဒစာ ၅း၁၉–၂၁)***

သမ္မာကျမ်းစာတော်မြတ်မှမှတ်တမ်းတင်ထားသည့်ဒေင်ဥယျာဉ်၌လူ၏ မူလအပြစ်ကြောင့်ကျဆုံးမှုကိုသခင်ယေရှု၏ ကားတိုင်ပေါ် မှာရွေးနှုတ်ကယ်တင်သောအလုပ်ဖြင့်သာ၍ **"ဆိုးညစ်သော"** အရာကိုဖျက်ဆီးပစ်နိုင်တော်မူခဲ့သည်။



# ဘုရားသခင်၊ သခင်ယေရှုနှင့် သန့်ရှင်းသောဝိညာဉ်တော်၊

ကျွန်တော်တို့သည်သခင်ခရစ်တော်၏ နောက်တော်သို့လိုက်ပါကြမည်ဟုကြွေးကြော်မှုမျိုးရှိခဲ့ကြလျှင်သခင်ယေရှုသည်ဘုရားသခင်၏ နာခံသောသားဖြစ်တော်မူခြင်းကိုတွေ့မြင်ကြရပြီး၊သန့်ရှင်းသောဝိညာဉ်တော်သည်ဘုရားသခင်၏ ကိုယ်ပိုင်တန်ခိုးတော်ဖြစ်ကြောင်းနှင့်ခမည်းတော်ဖြစ်သောဘုရားသခင်၏ တန်ခိုးဩဇာအာဏာလွှမ်းမိုးကြီးစိုးခြင်းကိုသခင်ယေရှုနှင့်အတူအသိအမှတ်ပြုကြရပါမည်။

**ရှင်ပေါလု၊**

***"ဘုရားသခင်တဆူတည်းရှိတော်မူ၏။ဘုရားသခင်နှင့်လူတို့၏ စပ်ကြားမှာ၊လူဖြစ်သောယေရှုခရစ်တည်းဟူသောအာမခံတစ်ဦးတည်းရှိ၏။ (တိမောသေဩဝါဒစာပထမစောင် ၂း၅)***

***"ခရစ်တော်၏ ခေါင်းကားဘုရားသခင်ဖြစ်တော်မူသည်ကိုငင်း၊ ..."(ကောရိန္သုဩဝါဒစာပထမစောင် ၁၁း၃)***

***"ခပ်သိမ်းသောအရာတို့သည်လူသားအောက်၌ချထားလျက်ရှိသောအခါ၊ခပ်သိမ်းသောအရာတို့ ကိုသူ့အောက်၌ချထားတော်မူသောသူ၏ အုပ်စိုးတော်မူခြင်းကိုသားတော်သည်ကိုယ်တိုင်ဝန်ခံလိမ့်မည်။ အကြောင်းမူကား၊ဘုရားသခင်သည်အလုံးစုံဖြစ်တော်မူမည်အကြောင်းတည်း။"(ကောရိန္သုဩဝါဒစာပထမစောင် ၁၅း ၂၈)***

***"ခပ်သိမ်းသောငါတို့၏ အဘဖြစ်သောဘုရားသခင်တဆူ***